## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ (၂၃-၉-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁ | **ဦးတင့်လွင်၊ လောင်းလုံးမဲဆန္ဒနယ်**က တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ကျေးလက်ဒေသတွင် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း(SME)များကို ဖော်ထုတ်၍ ဈေးကွက်ချိတ်ဆက်မှုရရှိအောင် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**က လိုအပ်သည့် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် ရရှိစေရန် One Stop Service ရုံးများ ဖွင့်လှစ်ထားရှိပြီး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို အခြေခံ၍ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်ချက်များကို ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးနိုင်မင်းဦး၊ ကြံခင်းမဲဆန္ဒနယ်**က အလုပ်သမားများ၏ အနိမ့်ဆုံး အခကြေးငွေကို တိုးမြှင့်သတ်မှတ်ပေးရန်၊ အခြေခံလုပ်ခ လစာစနစ်ကို ပြန်လည်ပြင်ဆင်သတ်မှတ်ရန်၊ အသက်မွေးဝမ်းကျောင်းနိုင်သော လုပ်ခ (Living Wage) စံနှုန်းသို့ တဖြည်းဖြည်းပြောင်းလဲနိုင်ရေး မူဝါဒချမှတ် ဆောင်ရွက်ရန်နှင့် အနိမ့်ဆုံးအခကြေးငွေ တိုးမြှင့်သတ်မှတ်ရာတွင် ချေးငွေပံ့ပိုးမှု၊ နည်းပညာကူညီမှု၊ အခွန်ဆိုင်ရာအထောက်အပံ့များ ပူးတွဲဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **အလုပ်သမားဝန်ကြီးဌာန**က အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်သဘောတူညီမှုဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို ထည့်သွင်းစဉ်းစားလျက် အကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း နှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ် နိုင်သည့် MSMEs များ ဖြစ်ပေါ်လာစေရေးအတွက် နည်းပညာ၊ အသိပညာများ ပံ့ပိုးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၃ | **ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်**က လူ့စွမ်းအား အရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်ပြီး နိုင်ငံတော်က မည်သို့အစီအမံများ ချမှတ်လုပ်ဆောင်လျက်ရှိသည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **အလုပ်သမားဝန်ကြီးဌာန**က လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက် လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ ပြည်တွင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း စသည့် ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄ | **ဒေါ်စမ်းစမ်းဌေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်**က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မသန်စွမ်းသူများအတွက် ခရိုင်အလိုက် လေ့ကျင့်ရေးစင်တာများ ထားရှိပေးပါရန်နှင့် လက်လှမ်းမီသည့် ဆေးရုံများတွင် အခြေခံကျန်းမာရေးဝန်ဆောင်မှုများ (အခမဲ့) ပြုလုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**က ခရိုင်အလိုက် လေ့ကျင့်ရေးစင်တာများ သီးသန့်ထားပေးနိုင်ခြင်း မရှိသော်လည်း ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံနှင့် ပြည်သူ့ဆေးရုံကြီးများတွင် မသန်စွမ်းသူများအတွက် လိုအပ်သောလေ့ကျင့်သင်ကြားပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၅ | **ဦးသက်နိုင်ဦး၊ ဘားအံမဲဆန္ဒနယ်**က ယာယီနေရပ်စွန့်ခွာသူများ၏ဘဝ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မည်သို့အစီအမံများ ထားရှိထားသည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**က ယာယီနေရပ်စွန့်ခွာ မိဘပြည်သူများ၏ဘဝ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၆ | **ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ်မဲဆန္ဒနယ်**က ကျောင်းမနေနိုင်သော လူငယ်များ အလုပ်အကိုင်ရရှိစေနိုင်သည့် အသက်မွေးဝမ်းကျောင်းမှုပညာရပ်တစ်မျိုးမျိုး သင်ကြားတတ်မြောက်စေရန် စီမံဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာန**က ကျောင်းမနေနိုင်သည့် လူငယ်များကို အလုပ်အကိုင်ရရှိစေနိုင်ရန် ဝန်ကြီးဌာန(၇)ခုမှ အသက်မွေးဝမ်းကျောင်းမှုပညာရပ် (၁၀၅)မျိုးအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်းနှင့် အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၇ | **ဦးအောင်ကိုလတ်၊ တမူးမဲဆန္ဒနယ်**က တမူးမြို့နယ်၊ ဟဲဇင်းကျေးရွာ ရွာပတ်လမ်းရှိ ရေထုတ်မြောင်းအား Box Culvert (၁)စင်း၊ စော်ဘွားအင်း ရပ်ကွက်ရှိ သာသနာ့ဥယျာဉ်လမ်း၊ စန္ဒကူးအမှတ်(၁/၂/၃)ရပ်ကွက် ရှိ ကုန်ထုတ်လမ်းမကြီးနှင့် မြို့မအမှတ်(၂)နှင့် အမှတ်(၃)ရပ်ကွက်အား ဆက်သွယ်ထားသော မော်ကူးလမ်းတို့အား မည်သည့်ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းမေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာန**က Box Culvert (၁)စင်း တည်ဆောက်ရန် အတွက် နီးစပ်ရာဘဏ္ဍာနှစ်ရန်ပုံငွေတွင်လည်းကောင်း၊ ကွန်ကရစ် ခင်းခြင်း ၁ မိုင် ၆ ဖာလုံနှင့် သဲကျောက်အမာခံခင်းခြင်း လမ်း ပေ ၃၀၀၀ တို့အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ရန်ပုံငွေတွင်လည်းကောင်း အဆိုပြုလျာထားပါကြောင်း ဖြေကြားပါသည်။ |
| ၈ | **ဒေါ်မြင့်သန်း၊ ရေးမဲဆန္ဒနယ်**က ရေးမြို့နယ်၊ နှစ်ကရုပ်ရွာနှင့် သဃ်န်းကျွန်းကျေးရွာကြား ရေကျော်ချောင်းကူးတံတားနှင့် ကတ္တရာလမ်း တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာန**က နှစ်ကရုပ်-အံဒင်ကျေးရွာလမ်း ၁/၄ မိုင်အား ကတ္တရာလမ်းခင်းခြင်းကို ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ နှစ်စဉ်လျာထား ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ချောင်းကူးတံတားအား လတ်တလော အခြေအနေများအရ တည်ဆောက်နိုင်ခြင်းမရှိသေးပါကြောင်းဖြေကြားပါသည်။ |
| ၉ | **ဦးထွန်းလွင်၊ ချောင်းဦးမဲဆန္ဒနယ်**က ချောင်းဦး-အမြင့်လမ်းတွင် ပျက်စီးနေသော ကတ္တရာလမ်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ကတ္တရာလမ်းနှင့် တံတား ပြုပြင်ခြင်း လုပ်ငန်းအား လတ်တလောတွင် ဆောင်ရွက်နိုင်ခြင်းမရှိ သေးသော်လည်း ၂၀၂၈-၂၀၂၉ဘဏ္ဍာနှစ်မှစ၍နှစ်အလိုက်လျာထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၀ | **ဦးကျော်မင်းထွန်း၊ ဇီးကုန်းမဲဆန္ဒနယ်**က ဇီးကုန်းမြို့နယ်၊ ဇီးကုန်း-ဘော်ဘင်ကတ္တရာလမ်းပိုင်း (၁၀/၅) မိုင် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း ၁.၅ ဖာလုံနှင့် ၂၀၂၇ -၂၀၂၈ ဘဏ္ဍာနှစ်တွင် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၁ မိုင်အား လျာထားဆောင်ရွက်သွားမည် ဖြစ်ပြီး ကျန်လမ်းပိုင်းအား နှစ်အလိုက် ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၁ | **ဦးခင်မောင်ဝင်း၊ မော်လမြိုင် မဲဆန္ဒနယ်**က မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ရေတွင်းကုန်းလမ်း (၃၅/၇) မိုင်အား ရာသီမရွေးသွားလာနိုင်သောလမ်းနှင့် မြစ်ကူးတံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် အမာခံလမ်းခင်းခြင်း ၂ ဖာလုံနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး မြစ်ကူးတံတားအား လတ်တလောတည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၁၂ | **ဦးမြင့်စိုးဆင့်၊ မော်လိုက်မဲဆန္ဒနယ်**က မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ကူးတံတားကို ရေတို-ရေရှည် အစီအမံများ ချမှတ်၍ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က လတ်တလော နယ်မြေဒေသ အခြေအနေအရ မြစ်ကူးတံတားတည်ဆောက်ရန် အစီအစဉ်မရှိသေးသော်လည်း ၂၀၃၁ -၂၀၃၂ မှ ၂၀၃၅-၂၀၃၆ ဘဏ္ဍာနှစ်အထိ ဒုတိယ ၅ နှစ် စီမံကိန်းတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၃ | **ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်**က အုတ်ဖိုမြို့နယ်၊ ဂုံညင်းတန်း-ကံသာယာလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကျောက်လမ်းပိုင်း ၁ မိုင်အား ပြင်ဆင်ထိန်းသိမ်းရန် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |